လိပ်ဥချောင်းကျေးရွာ

ဘုတ်ပြင်းမြို့နယ် ၊ တနင်္သာရီတိုင်း



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လိပ်ဥချောင်းကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ မတ်လ

မာတိကာ

၁။ စကားချီး ၁

၂။ ရည်ရွယ်ချက် ၂

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ ၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၃

(ခ) သဘာဝအရင်းမြစ်များ ၄

၄။ စီမံကိန်းဧယားများ ၅

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ ၅

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၅

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား ၅

(၁.၃) သဘာဝ ရင်းမြစ်များ ၉

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ ၁၁

(၁.၅) ထိခိုက်လွယ်မှု ၁၁

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ ၁၄

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ ၁၄

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၁၆

(၂.၃) ရွှေ့ပြောင်းလုပ်သားများ ၂၃

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် ၂၅

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၂၅

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု ၂၆

(၂.၇) ပညာရေး ၂၆

(၂.၈) ကျန်းမာရေးနှင့် အာဟာရ ၂၉

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၃၁

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ ၃၂

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ ၃၂

(၂.၁၂) လျှပ်စစ်မီးရရှိမှု ၃၄

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ ၃၄

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ၃၅

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ ၃၅

၅။ နောက်ဆက်တွဲများ ၃၇

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံညဏ်များ တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန်လိုအပ်ကြောင်းကို လည်း ကောင်းစွာသိရှိ လာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမို ကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှုထက်ဝန်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရမည် ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာတိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

မတ်လ ၊ ၂၀၂၄

လိပ်ဥချောင်းကျေးရွာ

ဘုတ်ပြင်းမြို့နယ်

၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်မအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့်ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သူအားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

လိပ်ဥချောင်းကျေးရွာသည် ပင်လယ်ရွာဖြစ်ပြီး ဘုတ်ပြင်းမြို့မှ ရေမိုင် ၄မိုင်ခန့် ဝေးကွာပါသည်။ လိပ်ဥချောင်းကျေးရွာသည် နီပါးကျေးရွာနှင့် တံတားတစ်ခုသာခြား၍ ထိစပ်နေပါသည်။ လိပ်ဥချောင်းကျေးရွာတွင် လူမျိုး နှစ်မျိုးနေထိုင်ကြပါသည်။ အောက်ပိုင်း ပင်လယ်နှင့်နီးသောအပိုင်းတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး ကျေးရွာ၏ အပေါ်ပိုင်းတွင် ထိုင်းလူမျိုးများနေထိုင်ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင် ဘုတ်ပြင်းမြို့သို့သွားရောက်မည်ဆိုပါက ရေချိန်ကိုကြည့်၍ သွားရသော်လည်း ယခုအခါ ကုန်းလမ်းပေါက်ပြီး အချိန်မရွေးသွားလာနိုင်ပါသည်။ ရာသီဥတု အခြေအနေမှာ ဘုတ်ပြင်းမြို့နှင့် အလားတူဖြစ်ပြီး မိုးများသော ကျေးရွာဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း

ဘုတ်ပြင်းမြို့နယ်၊စီမံကိန်းကျေးရွာအုပ်စုများအခြေပြမြေပုံ



(ခ) သဘာဝအရင်းမြစ်များ

လိပ်ဥချောင်းကျေးရွာသည် ပင်လယ်ရွာဖြစ်သော်လည်း သောက်သုံးရေရရှိမှု နည်းပါးလှပါသည်။ ကျေးရွာ၏ အထက်ပိုင်းတွင် နေထိုင်သော သူများသာ ရေကို လုံလောက်စွာရရှိကြပါသည်။ ကျေးရွာ၏ အောက်ဘက်အပိုင်းတွင် နေထိုင်သော သူများကို သောက်သုံးရေ ရရှိရန် ခက်ခဲလှပါသည်။



အရင်းအမြစ်ပြမြေပုံ

၄။ စီမံကိန်းဇယားများ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

ကျေးရွာ- လိပ်ဥချောင်း အုပ်စု - အုန်းတောကမ်း ရက်စွဲ - ၃၁၃၊၂၀၂၄

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ် အောက်	နို့စို့အရွယ်	၄	၂	၆	၁.၈
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၂၃	၁၃	၃၆	၁၀.၈
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၁၃	၂၀	၃၃	၁၀.၀
၁၀ နှစ်မှ ၁၄နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၁	၂၈	၅၉	၁၇.၈
၁၅ နှစ်မှ ၆၄နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၉၂	၉၄	၁၈၆	၅၆.၀
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၇	၅	၁၂	၃.၆
စုစုပေါင်း လူဦးရေ = ၃၃၂		၁၇၀	၁၆၂	၃၃၂	၁၀၀
စုစုပေါင်း အိမ်ထောင်စု - ၅၈		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၆ ဦး**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် အိမ်ထောင်စု (၅၈) စု ရှိပြီး လူဦးရေ (၃၃၂)ဦး ရှိပါသည်။ပျမ်းမျှ တစ်အိမ်ထောင်တွင် (၆)ဦးခန့်ရှိပါသည်။ အသက် ၁၅ နှစ်မှ ၆၄ ထိ အလုပ်လုပ် နိုင်သည့် ဦးရေ ၅၆ ရာခိုင်နှုန်း ရှိပါသည်။ အသက် ၁၅ နှစ်အောက် နှင့် အသက် ၆၄ နှစ် အထက် မှီခိုသူ မှ လူဦးရေစုစုပေါင်း၏ ၄၄ ရာခိုင်နှုန်း ရှိပါသည်။ တစ်အိမ်ထောင် တွင်ပျမ်းမျှ မှီခိုနှုန်း ၂ ဦးခန့် ရှိပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၂၈	၄၉.၁	၇၃	၃	မြင့် (ဥယျာဉ်ခြံ)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	၂	နိမ့် (မွေးမြူရေး)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၃၆.၈၄	၃၃	–	လတ် (ရာသီပေါ်၊ ဂဏန်းထောင်)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	၂	နိမ့်
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	–	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	–	–	–	–	
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	–	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၁.၇၅	၁	၂	နိမ့်-လတ် (ကုန်စုံဆိုင်၊ သစ်စက်၊ လက်ဖက်ရည်ဆိုင်၊ ဈေးရောင်း)
	အလုပ်သမား၊ ကျပန်း၊	-	-	-	-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား					
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	—	-	—	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	—	
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	—	—	—	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	—	—	—	-	
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၇	၁၂.၂၈	၁၂	–	နိမ့်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၅	နိမ့် (ထိုင်း၊ မလေးရှား)
၂၀	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂	၀.၉	၁	-	လတ်
	စုစုပေါင်း	**၅၈**	**၁၀၀**	**၁၆၀**	**၂၈**	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၃၀၆)ဦးဖြစ်ပြီးကျား(၁၇၀)ဦးနှင့်မ(၁၆၂)ဦး ရှိသောကြောင့်အမျိုးသား လုပ်သားအင်အားမှာ ပိုပါသည်။ လိပ်ဥချောင်းကျေးရွာတွင် ရေလုပ်ငန်းနှင့်ဥယျာဉ်ခြံလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်ကိုတွေ့ရှိရပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ၅၈.၆% ရှိသည်ကို တွေ့ရှိရပါသည်။ ရေလုပ်ငန်းအပေါ် ရပ်တည်မှုသည် အလယ်အလတ်အဆင့်တွင် ရှိပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	-	-	-	-	မရှိ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	တစ်နိုင်တစ်ပိုင်မွေး
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	၂၀၀၀၀	၁၀၀၀၀	၁၅၀၀၀	၈၀၀၀	
၄	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-	-	မရှိ
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	မရှိ
၆	ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၈၀၀၀	၁၀၀၀၀	၁၅၀၀၀	၈၀၀၀	

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	မရှိ
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	မရှိ
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-	မရှိ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် အမျိုးသား အမျိုးသမီး လုပ်အားခအလွန်အမင်း ကွာခြားမှုမရှိသည်ကိုတွေ့ရှိရပါသည်။ရှမ်းကမ်းတွင် ဥယျာဉ်ခြံလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး၊ ဗမာကမ်းတွင် ရေလုပ်ငန်းကိုသာအဓိကထားလုပ်ကိုင်ကြပါသည်။ လက်လုပ်လက်စားကျဘမ်း လုပ်သားများလည်းရှိပြီး အခြားအသက် မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်မှု မရှိသည်ကိုတွေ့ရှိရပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ရေအရင်းအမြစ်
လယ်မြေ	၁၀	ညံ့	မရှိ
ယာမြေ	-	-	-
တောင်ယာမြေ	၂၄	သင့်	ရှိ
ဥယျာဉ်ခြံမြေ	၁၀၁၅	သင့်	ရှိ
ကိုင်း/ကျွန်းမြေ	-	-	-

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)	ရေအရင်းအမြစ်
ခနိတောမြေ	-	-	-
စားကျက်မြေ	၅	သင့်	ရှိ
ပလပ်မြေ	၃၄	သင့်	ရှိ
စုစုပေါင်း	**၁၀၈၈**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေအရင်းအမြစ်-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာရှိ လယ်မြေများမှာ ဆားငံရေဝင်ရောက်မှုမြင့်သဖြင့် လုံးဝစိုက်ပျိုး၍မရတော့ဟု သိရှိရပါသည်။ မြေယာချဲ့ထွင်လုပ်ကိုင်နိုင်သော်လည်း မြေဆီဩဇာညံ့သည်ဟု သိရှိရပါသည်။ရှမ်းနှင့်ဗမာနှစ်မျိုးရှိရာ ရှမ်းမှာဥယျာဉ်ခြံလုပ်ငန်းများကို အဓိကလုပ် ကိုင်ကြပြီး မြေဧက အများအပြား ပိုင်ဆိုင်သည်ကိုတွေ့ရှိရပါသည်။ ဗမာလူမျိုးများမှာ ရေလုပ်ငန်းနှင့် အဓိက အသက်မွေး ဝမ်းကျောင်းပြုကြပြီး မြေပိုင်ဆိုင်မှု အနည်းငယ်သာရှိသည်ကိုတွေ့ရှိရပါသည်။ဒီရေတောများတွင် ခနိတော များ ပေါက်ရောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။ရှမ်း၊ဗမာ၊ပသ္သူးလူမျိုးစုများတွင် ဗမာလူမျိုးများမှာ ပိုမို ဆင်းရဲသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ဟိုက်ဒရိုကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	-
ဓာတ်သတ္တု ရင်းမြစ် (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်)	နည်း	လွယ်
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	မရှိ	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် သဘာဝတောတောင်များ၊ ဒီရေတောများမှာ ယခင်ကရှိခဲ့သော်လည်း ယခုအခါ လူနေထူထပ်လာမှုကြောင့် တောများပြုန်းတီးသွားသည်ဟု ဒေသခံများက ပြောပါသည်။ တောတောင် သစ်ပင်များ၏ အသုံးဝင်မှုကိုနားမလည် မည်သို့အသုံးပြုရမည်ကိုလည်း မသိကြပါ။ ဒီရေတောများတွင် ဆေးဘက်ဝင် အပင်များလည်းပေါက်ရောက်မှုမရှိဟုသိရှိရပါသည်။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅၀–၁၀၀ ဧကကြား	၁၀–၅၀ဧကကြား	၁–၁၀ဧကကြား	–
အိမ်အခြေအနေ	တိုက်ခံ၊သွပ်မိုး	ပျဉ်ခင်းပျဉ်ကာ	ဓနိမိုး ထရံကာ	ဓနိမိုး ဖက်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထော်လာဂျီ၊ဆိုင်ကယ်၊မြက်ဖြတ်စက်	ဆိုင်ကယ်၊ မြက်ဖြတ်စက်	–	–
အဓိကစီးပွားရေး လုပ်ငန်း	ဥယျာဉ်ခြံ	ဥယျာဉ်ခြံ	ရေလုပ်ငန်း/ ဥယျာဉ်	ရေလုပ်ငန်း/ဥယျာဉ်
အခြားပိုင်ဆိုင်မှု	ကျွဲနွား၊တီဗွီ	ကျွဲနွား၊တီဗွီ	–	–
အိမ်ထောင်စု -	၄ (၇.၀၁%)	၁၀(၁၇.၅၄%)	၁၄ (၂၄.၅၆%)	၂၉(၅၀.၈၈%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် စီးပွားရေးအဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာရှိပြီး အဓိကစီးပွားရေးအနေဖြင့် ဥယျာဉ်ခြံလုပ်ငန်းများကို လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ အိမ်ထောင်စုအားလုံး၏ ၁၇.၅၄%ရှိပြီး အဓိကစီးပွားရေးအနေဖြင့် ဥယျာဉ်ခြံလုပ်ငန်းများကိုသာ လုပ်ကိုင်ကြသည်ကိုတွေ့ရှိရပါသည်။ဆင်းရဲသောအိမ်ထောင်စုအနေဖြင့် အိမ်ထောင်စုအားလုံး၏ ၂၄.၅၆% ရှိပြီး အလွန်ဆင်းရဲသောအိမ် ထောင်စုမှာ အိမ်ထောင်စုအားလုံး၏ ၅၀.၈၈%ရှိပြီး အိမ်ထောင်စုအားလုံး၏ ထက်ဝက်ကျော်ရှိသဖြင့် ဆင်းရဲမှုနှုန်း မြင့်သည်ဟုဆိုနိုင်ပါသည်။ဆင်းရဲသားအများစုမှာ ဗမာလူမျိုးများဖြစ်ကြပါ သည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လအောက်	၂	၃.၅%	ဆွေမျိုး/မိတ်ဆွေဆီမှငွေချေးခြင်း။
၃ လနှင့် ၆ လကြား	၄	၇.၀၁%	ဆွေမျိုး/မိတ်ဆွေဆီမှငွေချေးခြင်း။
၆ လ မှ ၁၂ လအထိ	၆	၁၀.၅၂%	ဆွေမျိုး/မိတ်ဆွေဆီမှငွေချေးခြင်း။

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင်ဆင်းရဲသောအိမ်ထောင်စုများ မှာဝမ်းစာဖူလုံမှုအတွက် ချေးငှားစားသောက်ရခြင်းများ ရှိသော်လည်း အစာလျှော့စားခြင်း အခြား အစာများ ပြောင်းလဲစားသောက်ရခြင်းများ မရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက်	၁	၁	၂
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	_		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	_		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	_		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မိသားစုမှ ကူညီစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ကျား(၁)၊ မ(၁) ရှိပါသည်။ မိသားစုဝင်များမှာအခြားရပ်ရွာများတွင် နေထိုင်သည့်အတွက် စောင့်ရှောက်မည့်သူမရှိ အတွက် ရပ်ရွာမှ စောင့်ရှောက်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	၁၀၀ တွင် ၂၀% ဖူလုံပါသည်။
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	နိမ့်	မြေယာပိုင်ဆိုင်မှုနည်း
၃	ရေကြီးခြင်း	မရှိ	-
၄	မိုးခေါင်ခြင်း	မရှိ	-
၅	အအေးလွန်ကဲခြင်း	မရှိ	-
၆	မုန်တိုင်း	မရှိ	
၇	ငလျင်	မရှိ	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၈	မီးဘေး	မရှိ	-
၉	ဆားငန်ရေဝင်မြေ	မြင့်	ကမ်းရိုးတန်းရွာဖြစ်၍ နှစ်စဉ် ရေဝင်
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိ	-
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	ဒီရေတော ပျက်စီးမှု မြင့်တက်လာပါသည်။
၁၂	ငှက်ဖျားရောဂါ	မရှိ	ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ် ကာကွယ်ဆေး ထိုးပေးပါသည်။
၁၃	တီဘီရောဂါ	မရှိ	-
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	-
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	နိမ့်	
၁၇	လူကုန်ကူးခြင်း	မရှိ	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	မြင့်	ဘုတ်ပြင်းမြို့နှင့် ၄ မိုင်ခန့်သာ ကွာဝေးပါသည်။
၁၉	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဒီရေ ပုံမှန် အတက်အကျ ရှိပါသည်။ ဂင်ငွေထွက်ငွေမျှတမှုမရှိဟု ဆိုပါသည်။ ရေလုပ်ငန်းမှာ ရာသီအလိုက်သာလုပ်ကိုင်နိုင်ပြီး ဈေးနှုန်းပုံမှန်မရှိဟုဆိုပါသည်။ တိရစ္ဆာန်များတွင် ရောဂါကျရောက်မှုမှာ လွန်ခဲ့သော နှစ်များစွာကဖြစ်ပွားမှုမရှိခဲ့သော်လည်း လွန်ခဲ့သောနှစ် (၂၀၁၆-ခု)တွင် ကြက်နာ၊ဂက်နာများဖြစ်ပွားသောကြောင့် တရွာလုံးမွေးထားသော တိရိစာန်များအားလုံး သေဆုံးခဲ့ ရသည်ဟုသိရှိရပါသည်။ မြို့နယ်မွေးကဦးစီးဌာနမှ ကာကွယ်ဆေး ထိုးနှံသည့်အစီအစဉ်များ လာရောက်လုပ်ဆောင်သင့်ပါသည်။ကမ်းရိုးတမ်းဒေသတွင်နေထိုင်သူများ ဖြစ်သဖြင့် ရာသီဥတုဖောက်ပြန်မှု မကြာခဏ ခံစားရလေ့ရှိပါသည်။မြို့နှင့်မနီးမဝေးတွင်ရှိသည့်အတွက် အဆင်ပြေမှုရှိပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မရှိ	
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မရှိ	
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မရှိ	

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မရှိ	
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မရှိ	
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်	
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မရှိ	
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်	
၉	ငါးကန်ပိုင်ရှင်	မရှိ	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မရှိ	
၁၁	လူနည်းစုလူမျိုးများ	မရှိ	
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မရှိ	
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ	
၁၄	ရွှေတွင်းလုပ်သား	မရှိ	
၁၅	ဆေးစွဲသူများ	-	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မရှိ	
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မရှိ	
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ	
၁၉	ရွှေပြောင်းလုပ်သားများ	မရှိ	
၂၀	ကားသမား	-	
၂၁	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်လယ်ကမ်းခြေရွာ ဖြစ်သောကြောင့် အချိန်မရွေး သဘာဝဘေး အန္တရာယ် ကျရောက်နိုင်ပါသည်။ လက်ရှိအခြေအနေတွင် ထိခိုက်ခံရမှုများ မရှိသေးသည်ကိုတွေ့ရှိ ရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့)
			ကျား	မ	ပေါင်း		
၁	ဂေါပကအဖွဲ့	၂	၃	-		ဘုန်းကြီးကျောင်း ဝေယျာဝစ္စ	ကောင်း

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့)
			ကျား	မ	ပေါင်း		
၂	ကာလသမီးအဖွဲ့	၂	–	၁၀	၁၀	ဧည့်ခံကျွေးမွေး	ကောင်း
၃	ကာလသားအဖွဲ့	၂	၁၅	-	၁၅	သာရေးနာရေး	ကောင်း
၄	မိန်းမကြီးအဖွဲ့	၂	-	၁၀	၁၀	သာရေးနာရေး	ကောင်း
၅	မြေယာ ကော်မတီ	၂	၄	–	၄	မြေယာပြဿနာဖြေ ရှင်းရန်	သင့်
၆	အရန်မီးသတ်	၂	၇	-	၇	မီးဘေးကာကွယ်	ကောင်း
၇	အုပ်ချုပ်ရေး အဖွဲ့	၂	၆	-	၆	ကျေးရွာအုပ်ချုပ်ရေး	ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် ရှမ်း၊ဗမာ၊ပဿျူးလူမျိုးစု (၃)ခုရှိသည့်အနက် အဖွဲ့အစည်းများတွင် ဗမာလူမျိုးများသာပါဝင်မှုများကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ သာရေးနာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပဿျူးနှင့်ရှမ်းလူမျိုးများမှာအဖွဲ့အစည်းတွင်ပါဝင်ခြင်းမရှိသော်လည်း တက်တက်ကြွကြွပူးပေါင်း ပါဝင်သည်ကို တွေ့ရှိရပါသည်။ အဖွဲ့အစည်းအားလုံးနီးပါး စွမ်းဆောင်မှု ကောင်းမွန်သည်ကိုတွေ့ရှိရပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	-	-	
၂	-	-	
၃	ERLIP	၂	ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး (၂၀၁၆-၁၇)

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ အဖွဲ့အစည်းများနှင့် ပါတ်သက်၍ERLIP အဖွဲ့မှလွဲ၍ အခြားအဖွဲ့များ တစ်ကြိမ်တစ်ခါမှ ဝင်ရောက်ခဲ့ဘူးခြင်းမရှိပါ။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၉	၃၁.၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	–	–	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁	၁.၇၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက အောက်	၁၄	၂၆.၃	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၂၄	၄၂.၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၅၈**	**၁၀၀**	

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင်ဗမာနှင့် ရှမ်းကမ်းရှိပါသည်။ ဗမာဘက်တွင် ရေလုပ်ငန်းလုပ်ကိုင် သောကြောင့် ဥယျာဉ်ခြံလုပ်ကိုင်သူနည်းပါးသဖြင့် ကိုယ်ပိုင်မြေယာများမရှိပါ။ ရှမ်းကမ်းဘက်တွင် ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်သောကြောင့် မြေယာပိုင်ဆိုင်မှုများ များသည်ကိုတွေ့ ရှိရပါသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်ဧက	ရှိနိုင်မှု	
			တန်စပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-	-	-
၂	ရေလွှဲဆည်	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-
၄	ရေသွင်းမြောင်း	-	-	-
၅	အဝီစိတွင်း	-	-	-
၆	လက်ဝင် ရေတွင်း	-	-	-
၇	စိမ့်စမ်းရေ	၁	တစ်နှစ်ပတ်လုံး	ရှိ

စဉ်	အရင်းအမြစ်	ရေသောက်ဧက	ရရှိနိုင်မှု	
			တန်စပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၈	ချောင်းရေ	၃	ရာသီအလိုက်	ရှိ
၉	အခြား	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် ရေအရင်းအမြစ်အဖြစ် တောင်ကျချောင်းရေရှိသော်လည်း စိုက်ပျိုးရေအတွက် အသုံးချမှုမရှိသည်ကိုတွေ့ရှိရပါသည်။၄င်းရေအရင်းအမြစ်မှာ ရှမ်း နှင့် ပသျူးလူမျိုးများနှင့်သာ နီးစပ်မှုရှိပါသည်။လက်ရှိအနေအထားအရ သုံးဧကခန့်သာ ဟင်းသီး ဟင်းရွက် စိုက်ခင်းအတွက် အသုံးချသည်ကို တွေ့ရှိရပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နည်း/ လတ်/ များ)	အမြတ် ရရှိနိုင်မှု (နည်း/ လတ်/ များ)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ကွမ်းသီး	၃၀၀	ပိဿာ	၁၀၀	၂၅၀	၁၇၅	-	-	နည်း	လတ်	
စပါး	၂၄	တင်း	၂၀	၃၀	၂၅	-	-	နည်း	နည်း	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင်အဓိက စိုက်ပျိုးထုတ်လုပ်သည့်သီးနှံ ကွမ်းသီးမှာ တစ်ဧကအထွက်နှုန်းလျော့နည်းသည်ကိုတွေ့ရှိရပါသည်။ ဥယျာဉ်ခြံမြေများမှာ ရှမ်းနှင့် ပသျူးလူမျိုးများသာ အဓိကပိုင်ဆိုင်သည်ကိုတွေ့ရှိရပါသည်။ လယ်ယာမြေများမှာ ဆားငံရေဝင် ရောက်မှုကြောင့် စိုက်ပျိုးနိုင်ခြင်း မရှိသည်ကိုတွေ့ရှိရပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ဌားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်	မှတ်ချက်/ အခြေအနေ
ထွန်စက်	–	-	
လက်တွန်းထွန်စက်	-	-	
အစေ့ချ ကိရိယာ	-	-	
ရိတ်သိမ်းခြေလှေ့စက်	–	-	
ရိတ်သိမ်းစက်	-	-	
ခြေလှေ့စက်	၁	-	

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်	မှတ်ချက်/အခြေအနေ
ရေစုပ်စက်	၁	-	
ခြေနင်းရေတင်စက်	-	-	
မြက်ရိတ်စက်	၄၃	-	
အခြား	-	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် လုပ်ငန်းအတွက်လိုအပ်သော စက်ကိရိယာများကို ငှားရမ်းသုံးစွဲခြင်းမရှိဘဲ ကိုယ်ပိုင်ဝယ်ယူသုံးစွဲနိုင်သည်ကိုတွေ့ရှိရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီဩဇာ)	မြေလွတ်မြေရိုင်းများ ရှိနေပြီး တိုးချဲ့ရန် အခွင့်အလမ်းများ ရှိသော်လည်း မြေဩဇာမကောင်း။
ရေရင်းမြစ်	ချောင်းရေရှိ။
သဘာဝမြေဆွေး၊အော်ဂဲနစ် မြေဩဇာ	သုံးမျိုးစပ်မြေဩဇာအနည်းငယ်သုံးစွဲ။
အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး	မသုံးစွဲ။
ချေးငွေနှင့်ငွေကြေးဝန် ဆောင်မှုများ	မရှိ။
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှု	မရှိ။
သွင်းအားစုဈေးကွက်	ဘုတ်ပြင်းမြို့နှင့် နီးသောကြောင့် လိုအပ်သော သွင်းအားစုများ ဝယ်ယူရ လွယ်ကူသော်လည်းလမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံပွဲစားများကိုဆက်သွယ်ရောင်းချနိုင်သောကြောင့်ဈေးကွက် အခွင့်အလမ်းများ အသင့်အတင့် ရှိနေပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံထုတ်လုပ်မှုတိုးတက်စေရန် နည်းပညာဗဟုသုတ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများရရှိခြင်းမရှိ၊စိုက်ပျိုးရေးနှင့်ပါတ်သက်သည့်အခြေခံဗဟုသုတများအားနည်းသည်ကိုတွေ့ရှိရပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေတိုးချဲ့နိုင်မှု	စိုက်ပျိုးမြေတိုးချဲ့နိုင်မည့်အခွင့်အလမ်းရှိ။
မြေဆီဩဇာ အခြေအနေ	ဓာတုမြေဩဇာများသုံးစွဲမှုနဲ့။မြေဆီလွှာအရည်အသွေးညံ့။

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	ချေးငွေရရှိမှု မရှိ။
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	ငွေကြေးမလုံလောက်သည့် အခြေအနေ များတွင် သွင်းအားစုများ အချိန်မီ ဝယ်ယူ အသုံးပြုရန် အခက်အခဲ ရှိပါသည်။
လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ)	လုပ်သားများ မရှားပါးသော်လည်း လုပ်အားခ ကြီးမြင့်မှုကြောင့် အလုပ်သမားသုံးစွဲမှုကို လျော့ချပြီး စက်ကိရိယာများကို ပိုမို အသုံးပြုလာကြပါသည်။
ရေအရင်းအမြစ်များ ရရှိနိုင်မှု	ချောင်းရေ၊တွင်းရေ၊အဝစိတွင်းရေများအသုံးချနိုင်ပါသည်။
စိုက်ပျိုးရေမလုံလောက်မှု	ရေလုံလောက်စွာရရှိပါသည်။
ဖျက်ပိုးနှင့် ရောဂါ	ပိုးမွှား၊ ရောဂါ၊ မြေဆီလွှာကြောင့် ဖြစ်ရသော ပြဿနာများကို ခွဲခြားနားလည်မှု အားနည်းနေကြသောကြောင့် နည်းပညာ ဝန်ဆောင်မှုများ ပိုမိုလိုအပ်နေပါသည်။
ဈေးကွက် လက်လှမ်းမီမှု	တိုက်ရိုက်ရောင်းချနိုင်မှုမရှိသဖြင့် အကျိုးအမြတ် အရနည်းပါသည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	ကွင်းဆင်းစိုက်မျိုးရေးဝန်ထမ်းများလာရောက်ခြင်းမရှိပါ။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ရာသီမရွေး စိုက်ပျိုးထုတ်လုပ်နိုင်ရန် ချောင်းရေများကို ဥယျာဉ်များနှင့် လယ်ယာများ အတွင်းသို့ ရောက်ရှိအောင် ရေပိုက်များသွယ်တန်းနိုင်ပါသည်။ သီးနှံအထွက်တိုးစေ ရန် သဘာဝမြေဩဇာများ သုံးစွဲရန် လိုအပ်နေပါသည်။ သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်စေရန် နည်းပညာများပံ့ပိုးမှုများနှင့် မျိုးကောင်းမျိုးသန့်များ ရရှိအောင် ချိတ်ဆက်လုပ်ဆောင်လိုပါသည်။ မြေလွတ်မြေရိုင်းများ ရှိသော်လည်းမြေဩဇာမကောင်းပါ။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
နွား	၉	၃၀	
နို့စားနွား	-	-	
မြင်း	-	-	
ကျွဲ	၆	၂၂	
မြည်း	-	-	
လား	-	-	
ဆိတ်	၃	၃၀	
သိုး	-	-	

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
ဝက်	၁၈	၄၁	
ကြက်	၃၈	၄၁၃	
ဘဲ	၉	၃၄	
နွားနောက်	-	-	
အခြား	-	-	
ငါးလုပ်ငန်း			
ငါးကန်	-	-	
ပုဇွန်ကန်	-	-	
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-	
ရေချို ငါးဖမ်းလုပ်ငန်း	-	-	
ကမ်းနီး ငါးဖမ်းလုပ်ငန်း	–	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် နွား၊ ကျွဲ၊ ဝက်၊ ကြက်၊ဘဲ စသည့် ဒေသမျိုးများကိုတစ်ပိုင်တစ်နိုင် မွေးမြူကြသော်လည်း စီပွားဖြစ်မွေးမြူခြင်းမရှိသည်ကိုတွေ့ရှိရပါသည်။ရေလုပ်ငန်းနှင့်ပါတ်သက်၍ ရရှိလာသောရေထွက်ပစည်းများကို ရွာတွင်အဂယ်ဒိုင်ဖွင့်၍ ဂယ်ယူသူများရှိပြီး ဈေးကွက် ထိန်းချုပ်ထားပါသည်။ မြို့တွင် တိုက်ရိုက်ရောင်းချနိုင်ရန်လည်း လက် လှမ်းမှီမှု ရှိပါသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေနေရာရှိ။
ရေရရှိမှု	ရေလုံလောက်မှုရှိ။
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	လက်လှမ်းမှီမှုရှိ၊ဒေသတွင်းမှာရှိ။
ချေးငွေ	သီးသန့်ငွေထုတ်ချေးသူမရှိ။မိတ်ဆွေအချင်းချင်းကူညီသူရှိ။
သွင်းအားစု ဈေးကွက်	ရွာတွင်သီးသန့်မရှိ။လက်လှမ်းမှီသောနေရာတွင်သာရှိ။
နည်းပညာ ဝန်ဆောင်မှု	မရှိ။
ထုတ်ကုန် ရောင်းဝယ်မှု	မရှိ။

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	ရွာမ်းကမ်းတွင်နေထိုင်သူများမှာ အိမ်ခြံမြေကျယ်ဝန်းစွာရှိသော်လည်း ဗမာကမ်းတွင်နေထိုင်သူများမှာ ပင်လယ်ကမ်းစပ်ဖြစ်သဖြင့် အိမ်ခြံမြေသီး သန့်မရှိဘဲ ရွာတန်းရှည်ပုံစံဖြင့်စုပေါင်းနေထိုင်ကြပါသည်။
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	-
ချေးငွေ	သီးသန့်ငွေထုတ်ချေးပေးသူမရှိပါ။မိတ်ဆွေအချင်းချင်းကူညီမှုပဲရှိ။
သွင်းအားစု လက်လှမ်းမီမှု	–
လိုင်စင်လက်လှမ်းမီမှု	–
ထုတ်ကုန် ရောင်းဝယ်မှု	ကျေးရွာအတွင်းလာရောက်ဝယ်ယူမှုများ ရှိပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် ဗမာကမ်းနှင့်ရှမ်းကမ်း နှစ်ပိုင်းကွဲနေပြီး ရှမ်းကမ်းမှာ ဥယျာဉ်ခြံလုပ်ငန်းများကိုသာ လုပ်ကိုင်ကြပြီးဗမာကမ်းမှာ တပိုင်တနိုင်မွေးမြူရေး လုပ်ငန်းနှင့်ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်ကို တွေ့ရှိရပါသည်။ထို့ကြောင့် ဗမာကမ်းမှာ ရေလုပ်ငန်းနှင့် မွေးမြူရေးအတွက် နည်းပညာအကူအညီများလိုအပ်ပြီး၊ ရှမ်းကမ်းအတွက် ဥယျာဉ်ခြံနှင့်ပါတ်သက်သည့် နည်းပညာအကူအညီများ လိုအပ်ပါသည်။ ထုတ်ကုန်ရောင်းဝယ်မှုလမ်းကြောင်းအနေဖြင့် ရေလမ်း၊ ကုန်းလမ်း စသည်ဖြင့် လက်လှမ်းမီပါသည်။

(၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေ ရရှိနိုင်မှု	အခက်အခဲ ရှိပါသည်။
ကူးစက်ရောဂါဖြစ်ပွားမှု	၂၀၁၇ တွင် ကြက်နာ/ ဝက်နာများ ဖြစ်ပွားမှု မြင့်မားပါသည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	ရရှိရန်ခက်ခဲပါသည်။
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	စီးပွားဖြစ်မွေးမြူခြင်းမရှိပါ။

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
အခြား	–
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	လိုသလိုငါးဖမ်းနိုင်ပါသည်။ရေလုပ်ငန်းနှင့်ပါတ်သက်သည့် ဥပဒေများကိုနားလည်မှုမရှိ။
ချေးငွေ ရရှိနိုင်မှု	ခက်ခဲသည်။
ထုန်ကုန်များ ရောင်းချနိုင်မှု	ရွာတွင်လာရောက်ဝယ်ယူမှုရှိသော်လည်းဈေးကွက်ထိန်းချုပ်ထား။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးလုပ်ငန်းများကိုစီးပွားဖြစ်မွေးမြူမည်ဆိုပါက စားကျက်မြေ မြေနေရာနှင့် ရေလုံလောက်မှုရှိသော်လည်း ရောဂါကာကွယ်ကုသနည်းများ နားလည်မှုမရှိခြင်း၊ ငွေအရင်းအနှီးလုံလောက်မှုမရှိခြင်း စသည်တို့က အဟန့်အတား ဖြစ်စေပါသည်။သို့ပါ၍ ရောဂါကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့များမှ ကာလရှည်ချေးငွေများ ရရှိခြင်း စသည်တို့ ကလည်း မွေးမြူရေးတိုးချဲ့လုပ်ကိုင်ရန် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။လိုင်စင်/လေလံလုပ်ငန်းများလုပ် ကိုင်ရန်နားမလည်သည်ကိုတွေ့ရှိရပါသည်။ ရေလုပ်ငန်းဥပဒေများနှင့်မျိုးသုဉ်းမှုမရှိအောင်ကာကွယ် နည်းလမ်း များကိုလည်းနားမလည်သဖြင့် အနာဂတ်တွင် ရေသယံဇာတရှားပါးမှုပြဿနာများနှင့် ကြုံတွေ့နိုင်ပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
လုပ်သားအင်အားပေါများခြင်း	ကျေးရွာရှိလုပ်ငန်းများနှင့်လုပ်သားအချို့ညီမှုရှိပါသည်။
ဈေးကွက်လက်လှမ်းမီခြင်း	လက်လှမ်းမီမှုရှိပါသည်။
လမ်းပန်းဆက်သွယ်ရေးကောင်း မွန်ခြင်း	မြို့နှင့် သုံးမိုင်ခန့်သာေးသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲပါ သည်။
အသက်မွေးဝမ်းကြောင်း နည်းပညာဝန်ဆောင်မှုရရှိနိုင်ခြင်း	နည်းပညာဝန်ဆောင်မှုများ ရရှိခြင်းလုံးဝမရှိပါ။
ကုန်ကြမ်းပေါများခြင်း	အသင့်အတင့် ပေါများပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ

လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေလုပ်ငန်းနှင့်ဉယျာဉ်ခြံလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်ကြပြီး စိုက်/မွေးမဟုတ်သော အခြားလုပ်ငန်းများအနေဖြင့် အိမ်ဆိုင်ဖွင့်လှစ်ရောင်းချခြင်းအနည်းငယ်သာ လုပ်ကိုင်ကြသည်ကိုတွေ့ရှိရပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ခြင်း လုံးဝမရှိသည်ကိုတွေ့ရှိရပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
အသက်မွေးဝမ်းကျောင်းနည်းပညာ ပန်ဆောင်မှုရရှိမှုအားနည်းခြင်း	လုံးဝမရရှိခဲ့ဘူးပါ။
အရင်းအနှီးမလုံလောက်ခြင်း	အရင်းအနှီးလုံလောက်သည်အထိ ထုတ်ချေးမည့်သူမရှိ။
အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း	ကျေးရွာနှင့်ကိုက်ညီသောအခွင့်အလမ်းအသင့်အတင့်ရှိ။
ပညာတတ်မြောက်မှုနည်းပါး ခြင်း	မူလတန်းကျောင်းထွက်နှုန်းမြင့်။
လျှပ်စစ်မီး မရရှိခြင်း	ဖယောင်းတိုင်မီးများကိုသာအသုံးပြုကြပြီး လူနည်းစုသာ ကိုယ်ပိုင်မီးစက်များဖြင့်အသုံးပြုကြပါသည်။
လမ်းပန်းဆက်သွယ်ရေးခက်ခဲ ခြင်း။	မြို့နှင့်အလှမ်းမဝေးပါ။
စျေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း	အသင့်အတင့်ရှိပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မူလတန်းကျောင်းထွက်နှုန်းမြင့်မားပြီး ပညာတတ်မြောက်သူဦးရေ နည်းပါးခြင်းနှင့် ငွေကြေးအရင်းအနှီးမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများဖြစ်နေပါသည်။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	ပြည်တွင်း			ပြည်ပ			လူဦးရေ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သားရှိသော အိမ်ထောင်စုနှင့် လူဦးရေ	၇	၃	၁	၄	၁	၂	၃	၄	၃	၇
၂	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ	–	–	-	–	-	-	-	–	-	–
	၆ လ အထိ	၂	-	-	-	-	-	-	-	-	-

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	ပြည်တွင်း			ပြည်ပ			လူဦးရေ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
	၁၂ လ အထိ	၂	–	၁	–	-	-	-	–	၁	၁
	၁၂ လ အထက်	၃	–	–	–	၁	၃	၄	၁	၃	၄

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ ရွှေပြောင်းသွားလာလုပ်ကိုင်နေသူ လုပ်သားဦးရေအနည်းငယ်သာ ရှိပြီး မိသားစုဝင်များအနေဖြင့် ၄င်းတို့ဝင်ငွေအပေါ် မှီခိုမှု မရှိသည်ကို တွေ့ရှိရပါသည်။

(၂.၃.၂) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	၈
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာမှ ရွှေပြောင်းသွားလာလုပ်ကိုင်နေကြသူများမှာ လုပ်ခလစာ ပိုမိုရရှိခြင်းနှင့် အလုပ်အကိုင် ပုံမှန်ရှိခြင်းတို့ကြောင့် သွားရောက်လုပ်ကိုင်ကြသူများ ဖြစ်သော်လည်း မိသားစုဝင်များ အနေဖြင့် ၄င်းတို့ဝင်ငွေအပေါ်မှီခိုမှုမရှိသည်ကိုတွေ့ရှိရပါသည်။

(၂.၃.၃) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစု ပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	–	–	–	–	–
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	–	–	-	-	-
	- ဘဏ်	–	–	-	-	-
	- လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း	၁	၁.၅၅%	-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာရှိ အိမ်ထောင်စုများမှာ ရွှေပြောင်းလုပ်ကိုင် သူများ၏ ဝင်ငွေအပေါ်မှီခိုမှုမရှိသဖြင့် ပြန်ပို့ငွေ အလွန်နည်းပါးသည်ကိုတွေ့ရှိရပါသည်။

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး (မိုင်)	အုန်းတောကမ်းရွာ(၃) မိုင်	၃.၅ မိုင် - ဘုတ်ပြင်းမြို့
သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ	ဆိုင်ကယ်၊စက်လှေ (၂၀၀၀)	ဆိုင်ကယ်၊စက်လှေ (၂၀၀၀)
ကုန်စည်နှင်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ	ဟင်းစားဝယ်	ဆန်၊ ဆီ၊ အဝတ်အထည်၊ အိမ်ဆောက်ပစ္စည်း၊အသုံးအဆောင်
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု	နိမ့်	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေလုပ်ငန်းလုပ်ကိုင်သူများသည်ဈေးကွက်လက်လှမ်းမီမှုတွင် ကျေးရွာတွင်သာ ရောင်းချနိုင်ပြီး အနီးဆုံးဈေးကွက်မှာ ရွာနှင့် (၄) မိုင်ဝန်းကျင်ရှိ ဘုတ်ပြင်းဈေးတွင် သွားရောက် ရောင်းချနိုင်သဖြင့် လက်လှမ်းမီမှုရှိပါသည်။ဥယျာဉ်လုပ်ငန်းလုပ်ကိုင်သူများအနေ ဖြင့် အဓိကထွက်ကုန် ကွမ်းသီးမှာ မြိတ်မြို့တွင်သွားရောက်ရောင်းချနေရသဖြင့် ရွာနှင့် မိုင် (၁၀၀) ကျော်ဝေးကွာသဖြင့် ဈေးကွက် လက်လှမ်းမှီမှု အားနည်းသည်ကိုတွေ့ရှိရပါသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်းလိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
မြစိမ်းရောင် ချေးငွေ	–	–	–	–	–
သမ ချေးငွေ	–	–	–	–	–
ငွေချေးပေးသူ	–	–	–	–	–
အပေါင်ဆိုင်	–	–	–	–	–
မိတ်ဆွေနှင့် ဆွေမျိုးများ	ချေးငွေ	၆ လတစ်ကြိမ်	၃ ကျပ်	မလို	အခက်အခဲရှိ

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနေဖြင့် ငွေကြေးလက်လှမ်းမှီမှု လုံးဝမရှိသည်ကိုတွေ့ရှိရပါသည်။ ငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်းများ လုံးဝမရှိဘဲ ဆွေမျိုးသားချင်းများဆီမှ အနည်းငယ်သာ ချေးယူနိုင်သည်ကို တွေ့ရှိရပါသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	မြင့်	ပင်လယ်ကမ်းစပ်ဖြစ်သဖြင့်ဆားငံရေဝင်ရောက်မှုမြင့်။
အပင်မျိုးစိတ်များ	လတ်	သရော၊ကပြိုင်၊ပရုံး၊ကနစို၊သင်းပေါင်း၊ စာမဲ့၊လမု၊လမဲ့
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	နိမ့်	ဖျက်ပိုးနှင့်ရောဂါများအကြောင်းနားမလည်။
ရေအရင်းအမြစ်	နိမ့်	-
ငါးမျိုးကွဲများ	မြင့်	ယခင်ကရှိခဲ့သော်လည်းယခုမရှိ။
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်	ယခင်ကရှိခဲ့သော်လည်းယခုမရှိ။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်	ပလပ်စတစ်နှင့်အသုံးအဆောင်များ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်လယ်ကမ်းစပ်တွင် ပေါက်သော အပင်မျိုးစိတ်များ အများအပြားရှိသော်လည်း မျိုးတုန်းပျက်စီးမှုများကြောင့်မတွေ့ရှိရပါ။ ဒီရေတောများ ပျက်စီးမှုများလာ၍ ၎င်းတို့ကို မှီခိုနေရသော သားငါး၊ တိရစ္ဆာန်များအတွက် အန္တရာယ် ရှိလာနိုင်ပါသည်။ စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်သည့် အလေ့အထ မရှိကြပါ။ ဆိုးကျိုးအားဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ သားငါး ပုဇွန်များ မျိုးပွားရန်အတွက် ထိခိုက်နိုင်ခြင်း၊ ရေထုညစ်ညမ်းခြင်း စသည်တို့ ဖြစ်ပွားလာနိုင်စေပါသည်။ ပင်လယ်ကမ်းစပ်တွင် နေထိုင်သောကြောင့် ဆားငံရေဝင်ရောက်မှုမြင့်သဖြင့် မြေဆီလွှာပျက်စီးမှုမြင့်မားပြီး လယ်မြေများ လုံးဝစိုက်ပျိုး၍မရသည်ကို တွေ့ရှိရပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၁၀ နှစ်နှင့်အထက်လူဦးရေ၏ %
စာမတတ်သူဦးရေ	၂၄	၁၄	၃၈	၁၇.၂၇%

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၁၀ နှစ်နှင့်အထက်လူဦးရေ၏ %
ဘုန်းကြီးကျောင်းသင်ပညာရေး	၁၄	၁၂	၂၆	၇.၈%
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၆၂	၅၈	၁၂၀	၃၆.၂%
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၄၈	၄၀	၈၈	၂၆.၅%
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၃၅	၄၅	၈၀	၂၄.၁%
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၅	၂	၇	၂.၁%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၆	၅	၁၁	၃.၃%
၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း	**၁၇၀**	**၁၆၂**	**၃၃၂**	၁၀၀%

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၈) ရာခိုင် နှုန်း ရှိပါသည်။ ဘွဲ့ရသူဦးရေ (၁၁) ဦးအထိ ရှိနေပြီ ဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၁၀) နှစ် အထက်လူဦးရေ၏တစ်ဝက်ခန့်ရှိပြီး၊ အလယ်တန်းနှင့် အထက်တန်းတို့တွင် သိသာစွာ လျော့နည်းလာပါသည်။ စားဝတ်နေရေး ခက်ခဲသဖြင့် အလယ်တန်းအထက်တန်း ကျောင်းဆက်တက်ရန် အခက်အခဲရှိပြီး မူလတန်းကျောင်းထွက်နှုန်း မြင့်မားသည်ကိုတွေ့ရှိရပါသည်။

(၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉ နှစ်)	၂၇	၃၁	၅၈	၇၃.၄%
အလယ်တန်း (၁၀-၁၄နှစ်)	၁၀	၁၀	၂၀	၂၅.၃%
အထက်တန်း (၁၅-၁၆ နှစ်ကြား)		၁	၁	၁.၃%
တက္ကသိုလ် ကျောင်းသား၊ သူ				မရှိ

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်း ကျေးရွာ၏ လက်ရှိကျောင်းတက်နှုန်းတွင် မူလတန်း ကျောင်းသားများ သည်ကို တွေ့ရှိရပါသည်။ အလယ်တန်းကျောင်းသူ ကျောင်းသား သာမန်ခန့်သာ ရှိ၍ အထက်တန်းကျောင်းတက်သူ အလွန် နည်းပါးသည်ကို တွေ့ရသည်။ အကြောင်းမှာ ကျေးရွာ ၏ လူမှုစီးပွားရေးနိမ့်ကျခြင်း လူမျိုးကွဲ များပြားခြင်း တို့ကြောင့်ဖြစ်ပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း			
ရွာမှ အကွာအဝေး(မိုင်)	ကျေးရွာတွင်း			မူလတန်းအဆင့် အခမဲ့ ပညာရေး
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	မရှိ			ကျေးရွာတွင်း မူလွန်တန်းကျောင်း
စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်)	၃၀' x ၆၀' × ၁၁'			
အမိုး၊ နံရံ၊ အခင်း အရည်အသွေး	သွပ်မိုး၊ အုတ်စီ၊ ကွန်ကရစ်ခင်း			၂၀၁၄ ခုနှစ်က ဆောက်လုပ်ခဲ့ပါသည်။
ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	ပရိဘောဂ လုံလောက်မှု မရှိပါ။			ယင်လုံအိမ်သာ ရှိသော်လည်း ပျက်စီးနေပါသည်။
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)	ပုံမှန်တိုက်ကျွေးမှုမရှိပါ။ (နို့၊တစ်ကြိမ်)			အတွင်းဘုတ်ပြင်းဘုန်းကြီးကျောင်းမှ တစ်ကြိမ်သာလာရောက် ကျွေးမွေးခဲ့ပါသည်။
ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	
အစိုးရခန့်	၃	၁	၄	
ကျေးရွာခန့်	-	၁	၁	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလွန်တန်းအဆင့် စာသင်ကျောင်းရှိပါသည်။ ကျောင်းသုံး ပရိဘောဂမှာ လုံလောက်မှုမရှိပါ။ ကျောင်းတွင် နှစ်ခန်းတွဲယင်လုံအိမ်သာ တစ်လုံး ရှိသော်လည်း ပျက်စီးနေသဖြင့် အသုံးပြု၍မရပါ။ကျောင်းဝင်းအတွင်းတွင် အားကစားကွင်းသီးသန့်မရှိပါ။ ကျောင်းတွင် လည်းအားကစားနှင့်ပတ်သက်သောပစ္စည်းများ ထောက်ပံ့ပေးထားခြင်းမရှိပါ။

(၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	လုံလောက်မှု ရှိပါသည်။
တပည့် - ဆရာ အချိုး	၄၀–၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	မြင့်
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ (မသန်စွမ်းသူတစ်ဦးရှိသော်လည်း အခြားကျောင်းသားများ နှင့်တန်းတူသင်ကြားစေပါသည်)

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	ဗလာစာအုပ်၊ ပြဋ္ဌာန်းပုံနှိပ်စာအုပ် အပြည့် အစုံ၊ ဝတ်စုံ တစ်စုံစီ ကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသား ဝယ်သုံးရပါသည်။
ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု	အခမဲ့ ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများ အတွက်လည်း အခက်အခဲမရှိ ကျောင်း တက်ခွင့် ရနေပါသည်။လိုအပ်ချက်ရှိပါကကျေးရွာမှလည်းကူညီ ထောက်ပံ့ကြပါသည်။
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	မရှိ။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကျောင်းကော်မတီရှိပြီး ကျောင်း၏လိုအပ်ချက်များကို ကျေးရွာ သားများနှင့် တိုင်ပင် လုပ်ဆောင်ကြပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကျောင်းတွင် ဆွံ့အနေသူတစ်ဦး ရှိသော်လည်း သီးသန့်သင်ကြားပေးခြင်းမရှိပဲ အခြားကျောင်းသားများနှင့်တန်းတူ သင်ကြားစေသည်ကို တွေ့ရှိရပါသည်။ အားကစားနှင့် ပတ်သက်၍ စိတ်ဝင်စားမှုအားနည်းသည်ကို တွေ့ရှိရပြီး အားကစား အသုံးအဆောင်များနှင့်လည်း အလှမ်းဝေးသည်ကိုတွေ့ရှိရပါသည်။

(၂.၈) ကျန်းမာရေးနှင့် အာဟာရ

(၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက		✓		
၂	သွေးလွန်တုပ်ကွေး			✓	
၃	ငှက်ဖျား		✓		
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ			✓	
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ			✓	
၆	တီဘီ		✓		
၇	ဆီးချို		✓		
၈	သွေးတိုး		✓		
၉	အသည်းရောဂါ (ဘီ၊ စီ)		✓		
၁၀	အာဟာရ ချို့တဲ့မှု			✓	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ			✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် ရာသီအကူးအပြောင်းတွင်ခလေးငယ်များ ဝမ်းပျက်ဝမ်းလျှောရောဂါများအနည်းငယ်ဖြစ်ပွားပြီး ငှက်ဖျားရောဂါဖြစ်ပွားသူများ အနည်းငယ်ရှိသည်ဟုပြောပါသည်။ တီဘီ၊သွေးတိုးနှင့် အသည်းရောဂါဖြစ်ပွားသူများလည်း အနည်းငယ်သာရှိသည်ဟုဆိုပါသည်။ ကျမ်္ဘာရေးနှင့်ပတ်သက်သည့် အသိပညာ အားနည်းပြီး ဟောပြောပွဲများလည်းလာရောက်ပြုလုပ်ဘူးခြင်းမရှိဟုသိရပါသည်။ အုပ်စုကျေးရွာ အုန်းတောကမ်းတွင်သာ ကျမ်္ဘာရေးနှင့်ပါတ်သက်သည့်ဟောပြောပွဲတစ်ကြိမ်ပြုလုပ်ခဲ့ရာ ရွာမှသွားရောက်နားထောင်ဖူး သည်ဟုပြောပါသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ		✓	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓		
၃	ပိုလီယိုရောဂါ	✓		
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓		
၅	ဝက်သက်ရောဂါ	✓		
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှုံမှု	✓		
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓		
၈	အာဟာရပညာပေး အစီအစဉ်	✓		

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ မြို့နယ်ကျမ်္ဘာရေးဦးစီးဌာနမှ ကျေးရွာများသို့ ကာကွယ်ဆေးများအချိန်နှင့်တပြေးညီ ပုံမှန်လာရောက်ထိုးနှံပေးသည်ဟု သိရှိရပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှု ရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ် ချက်
ကျေးလက် ကျန်းမာရေး ဌာနခွဲ	–	–	–	–	–
မြို့နယ် ဆေးရုံ	၄ မိုင်	၂၅ ခုတင် ဆန့် ဆေးရုံ	ဆရာဝန် - ၁ သူနာပြု - ၃ သားဖွားဆရာမ - ၄	ဆေးဝါးလုံလောက် သိလျှောင်မှုပုံစံကောင်း	
ဆေးဆိုင်	-	အိမ်ဆိုင်များ	ဆေးဝါးကျွမ်းကျင်သူ	–	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျန်းမာရေး အထောက်အပံ့အနေဖြင့် ရွာတွင်လည်း ကျန်းမာရေးလုပ်သား /အရံသားဖွားမရှိ။ အုပ်စုကျေးရွာအုန်းတောကမ်းတွင်လည်း ကျန်းမာရေးလုပ်သား (၁)ဦးသာရှိသဖြင့် ဘုတ်ပြင်းဆေးရုံကိုသာ အားထားရသောအနေအထား ရှိပါသည်။ အရေးပေါ် အခြေအနေနှင့်ကြုံတွေ့ရပါက မြို့နှင့် ၄ မိုင်ခန့်သာဝေးသော်လည်း ကုန်းလမ်း ၊ရေလမ်း ဖြင့်သွားလာရပြီး အချိန်မီရောက်ရှိနိုင်ပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	-	မကောင်း		✓	✓	
အဝီစိတွင်း/စက်တပ်	–	ကောင်း	✓	✓	✓	
အဝီစိတွင်း/တုံကင်	-	-	-	-	-	
မိုးရေသိုလှောင်ကန်	-	-	-	-	-	
မြစ်/ချောင်း	-	ကောင်း	✓	✓	✓	
ရေကန်	-	-	-	-	-	
စိမ့်စမ်းရေသွယ်တန်းခြင်း	၁	ကောင်း	✓	✓	✓	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ သောက်သုံးရေအနေဖြင့် ကျေးလက်ဦးစီးမှ အဝီစိတွင်းတူးဖော်ပေး ထားပြီး ပိုက်လိုင်းသွယ်တန်းထားပါသည်။ယခု ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် စိမ့်စမ်းရေ(၂/၀)မိုင် သွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်ထားရှိသဖြင့် နွေ မိုး ဆောင်း သုံးရာသီလုံး လုံလောက်မှုရှိနိုင်ကြောင်း တွေ့ရှိရပါသည်။ ကိုယ်ပိုင်ရေတွင်းများလည်းရှိပြီး နွေရာသီတွင် ရေခန်းသည်ဟုသိရပါသည်။

(၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ရေလောင်း/ယင်လုံအိမ်သာ	၁၁	
ကျင်းအိမ်သာ	–	
မြေ/ရေပေါ်အိမ်သာ	၆	
တောထိုင်	၄၁	
စုစုပေါင်း	၅၈	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ အိမ်သာအသုံးပြုမှုအနေဖြင့် ဗမာဘက်ကမ်းတွင် တစ်ရွာလုံးနီးပါးတော ထိုင်များသာဖြစ်ပြီး တစ်အိမ်သာ ရေပေါ်အိမ်သာအသုံးပြုသည်ကိုတွေ့ရပါသည်။ ဒီရေအတက်အကျ ရှိသဖြင့် ယင်လုံအိမ်သာများ မည်သို့ ဆောက်လုပ်အသုံးပြုရမည်ကိုလည်းမသိရှိဟုဆိုပါသည်။ ရှမ်းကမ်း ဘက်အခြမ်းတွင် စီးပွားရေးအဆင်ပြေသူများ ယင်လုံအိမ်သာအသုံးပြုသည်ကိုတွေ့ ရှိရပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာဆောက်လုပ်ကြရန်နှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ် ပေးရန်မှာ အဓိကကျနေပါသည်။

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု		✓	ဓလေ့ ထုံးစံအရ ဖြစ်နေပါသည်။
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု	✓		ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့် များ ရရှိကြပါသည်။
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ		✓	
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု	✓		အုပ်စုကျေးရွာတွင် အမျိုးသမီးများ အကြမ်းဖက်မှုကို အသိပညာပေး ဟောပြောပွဲများ တက်ရောက် ခဲ့ပါသည်။

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် ဓလေ့ထုံးစံအရ အမျိုးသမီးများပါဝင်မှု အားနည်းပါသည်။သို့သော်လည်း ကျေးရွာ၏ သာရေးနာရေးကိစ္စရပ် များတွင် အားတက်သရော ပါဝင်ကြပါသည်။ ကျေးရွာတွင်အမှုအခင်းဖြစ်ပွားမှု မရှိသလောက်နည်းသဖြင့် ရိုးသား သောကျေးလက်နေပြည်သူများ ဖြစ်သည်ကို လေ့လာ တွေ့ရှိရပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား (၁/၂/၃/၄)	ကောင်း သင့်/မည့်	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်း အရှည်
				ပွင့်လင်း ရာသီ	တစ်နှစ် ပတ်လုံး	
ရွာတွင်းလမ်းမ	၁	သင့်	၂၀၂၂		✓	၂ – မိုင်

လမ်း အမျိုးအစား	အမျိုး အစား (၁/၂/၃/၄)	ကောင်း သင့်/ညံ့	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်း အရှည်
				ပွင့်လင်း ရာသီ	တစ်နှစ် ပတ်လုံး	
ချဉ်းကပ်လမ်း	–	–	-	–	–	–
ရွာချင်းဆက် လမ်း	၁	ကောင်း	၂၀၂၂		✓	၁.၅ မိုင်

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ကျောက်ခင်းလမ်း - ၂၊ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် ဗမာကမ်းနှင့်ရှမ်းကမ်းဆက်သွယ်ထားသောလမ်းမှာ ကျေးလက်လမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ သင့်/ညံ့	တည်ဆောက် ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	-	-	-	-	✓
သစ်သားတံတား	၄၀၀'×၆'	ညံ့	၂၀၁၅		✓
ကွန်ကရစ်တံတား	၂၀၀'×၁၄'	ညံ့	၂၀၁၅		✓
ရေပြွန်	၂၀'×၄'-၉	ကောင်း	၂၀၂၃		✓

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာအဝင်တွင် ကွန်ကရစ် တံတား တစ်စင်းရှိပြီး ရေချောင်းကို ဖြတ်၍တည်ဆောင်ထားပါသည်။ထိုတံတားကို သစ်သားတံတားဖြင့်ဆက်၍ဆောက် လုပ်ထားသည် ကို တွေ့ရှိရပါသည်။တံတား တည်ဆောက်ထားသည့်နေရာမှာ ကျေးရွာ မြေမျက်နှာ ပြင်ထက်မြင့်နေပြီး ချဉ်း ကပ်လမ်းမရှိ သဖြင့် သွားလာရေး ခက်ခဲပါသည်။ ယခုအခါ သစ်သားတံတားများမှာလည်း ဆွေးမြေ့နေပြီး ကွန်ကရစ်တံတားမှာ ပိုင်တိုင်များ၊လက်ရမ်းများအားလုံးပျက်စီးနေမှု အန္တရာယ်များရှိပါသည်။

(၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-	-	-	-
ပင်လယ်ရေကြောင်း	၃.၅မိုင်	စက်လှေ	-	✓

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။ ၁ – လှေ၊ သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်း ကျေးရွာသည် ပင်လယ်ကမ်းခြေရွာဖြစ်သောကြောင့် ရေကြောင်းလမ်းကိုလည်း အသုံးပြုနေရပါသည်။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	ဘေးတွဲဆိုင်ကယ်	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၁၅	၇	၇	၄၀	–	–	–	၂

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်းကြောင်းတွင် စက်လှေ၊ ကုန်းလမ်းကြောင်းတွင် ဆိုင်ကယ်များကို အဓိကထား အသုံးပြုနေရသည် ကိုတွေ့ရှိရပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	-	–	
ဆိုလာစနစ်	၁၀	သင့်	
အသေးစားရေအားလျှပ်စစ်	-	–	
ဒီဇယ်သုံးအင်ဂျင်	၁၇	သင့်	
လေစွမ်းအင်	-	–	
ဇီဝလောင်စာ	-	–	
ဖယောင်းတိုင်	၃၀	–	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် အများစုမှာ ဖယောင်းတိုင် မီးများကို အသုံးပြုနေရပြီး စီးပွားရေး အဆင်ပြေသူ အချို့သာ ဆိုလာ နှင့် ကိုယ်ပိုင်မီးစက်များအသုံးပြုသည် ကိုတွေ့ရှိ ရပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အောက်စက်
အရေအတွက်	၅၇	၄	၂၆	၂၂	၁

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် အိမ်ထောင်စု အများစုမှာ ဆက်သွယ်ရေး ဖုန်းများရှိသော်လည်း အင်တာနက် သုံးစွဲတက် သူ အလွန်နည်းပါသည် ကိုတွေ့ရှိရပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိပါ။
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	အားကောင်းပါသည်။
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	အားကောင်းပါသည်။
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	နည်းပါးပါသည်။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	အသင့်အတင့် ရှိကြပါသည်။
ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး	ဘာသာရေးဘက်တွင် အားသန်ကြပါသည်။
စာကြည့်တိုက်၊ အင်တာနက်စသည်များအားလက်လှမ်းမီမှု	မရှိ

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်း ကျေးရွာရှိ လူငယ်များမှာ စီးပွားရေး အဆင်မပြေသဖြင့် ဝမ်းစာရေးအတွက် အလုပ်လုပ်ကိုင် နေရသောကြောင့် အားကစား ဘက်တွင် အားနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုရေး ၊ဘာသာရေးများတွင် ပူပေါင်း ပါဝင် မှုအားကောင်းသည် ကိုတွေ့ရှိရပါ သည်။ စာကြည့်တိုက်အင်တာနက်များနှင့် လက်လှမ်းမှီမှုမရှိသဖြင့် လူငယ်များ ဖွံ့မှုအားနည်းသည်ကို တွေ့ရှိရပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	ဖုန်းလိုင်း ဆက်သွယ်ရေး မကောင်းပါ။
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်	မရှိပါ။
ရဲစခန်းများအား လက်လှမ်းမီမှု	ဘုတ်ပြင်းရဲစခန်း - ကုန်းလမ်း(၄)မိုင် ၊ ၃.၅ မိုင်(ရေလမ်း)

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် ဘေးကင်းလုံခြုံရေးအတွက် ရဲဂန်ထမ်းများ

တစ်ခါတစ်လေ လာရောက်မှုရှိသော်လည်း ကာကွယ်ရေးအတွက် ကူညီထောက်ပံ့မှုများမရှိသည်ကို တွေ့ရှိရပါသည်။ ဆက်သွယ်ရေးဖုန်းလိုင်း မကောင်းခြင်း ၊သာဘာဝဘေး အန္တရာယ် လျော့ချရေး အစီအစဉ် များမရှိခြင်း ၊လူထု အခြေပြု အဖွဲ့အစည်းများ မရှိခြင်းတို့ကြောင့် ဘေး အန္တရာယ် ကြုံတွေ့လာပါက အချိန်နှင့် တစ်ပြေးညီ အကူအညီရရန် ခက်ခဲပါသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	**ခိုးမှု**	**မူးယစ်ဆေးသုံးစွဲမှု**	**အကြမ်းဖက်မှု**
စိုးရိမ် /သာမန်/မရှိ	-	-	–	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်ဥချောင်းကျေးရွာတွင် မှုခင်း ဖြစ်ပွားမှုများ လုံးဝမရှိသည်ကို တွေ့ရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာ – လိပ်ဥချောင်း အုပ်စု – အုန်းတောကမ်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဖစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု						
၁။	• လက်ရှိကျေးရွာအဖွဲ့အစည်းများ စွမ်းဆောင်ရည် အားနည်း ခြင်း • ဦးဆောင်မှု အပိုင်းတွင် အမျိုးသမီးများ နေရာမရခြင်း။	• ဖွံ့ဖြိုးရေးလုပ်ငန်းများ အား အချိန်ပေးနိုင်သူ နည်းခြင်း။ • ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည် မြင့်တင်ရေး အစီအစဉ်များမရရှိခြင်း၊	• နိုင်ငံတော်၏ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်းရှိခြင်း		• ကျေးရွာအသက်မွေးဝမ်းကျောင်းစီမံကိန်းများ အကောင်အထည်ဖော်ရန် လိုအပ်သော အဖွဲ့များဖွဲ့စည်းခြင်း(အဖွဲ့များတွင် အမျိုးသား အမျိုးသမီး အချိုးကျ ဖွဲ့စည်းခြင်း။) • ဖွဲ့စည်းပြီးသောအဖွဲ့များကို စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း(အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်မှု ဆိုင်ရာများ)	• ၁။ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ များစွမ်းရည်မြှင့်တင်ခြင်း။ စွမ်းဆောင်ရည်မြှင့် သင်တန်းများ ဆောင်ရွက်ပေးခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ငါးလုပ်ငန်း						
၂။	• ငါးပုဇွန် ရရှိမှု လျော့နည်းခြင်း • ဆင်းရဲသူများ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီး မလုံလောက်ခြင်း • ငါးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ အားနည်းခြင်း	• မဆင်မခြင် ငါးဖမ်းခြင်း၊ ဒီရေတာများပြုန်းတီးခြင်း • ဆင်းရဲသောမိသားစုများ အတွက်သင့်တော်မည့် ချေးငွေဝန်ဆောင်မှုစနစ်များ မဖွံ့ဖြိုးခြင်း • ငါးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ တိုးတက်ရေး အစီအစဉ်များစနစ်တကျ ရရှိရန်လိုအပ်ခြင်း	• ငါးပုဇွန်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ဖော်ထုတ်ရန် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး စီမံကိန်းဆောင်ရွက်နေခြင်း		• ငါးထုတ်ကုန်ဈေးကွက်တိုးတက်ရေးအတွက် မြို့နယ်အဆင့်အဖွဲ့အစည်းများသို့တင်ပြခြင်း – ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ငါးလုပ်ငန်း ဥပဒေဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်း၊ – ငါးလုပ်ငန်းကဏ္ဍတိုးတက်စေရေးလုပ်ဆောင်နေသော အဖွဲ့များနှင့်ချိတ်ဆက်ခြင်း	ရေလုပ်ငန်းနှင့် ပတ်သက်၍ ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် ပညာပေး အစီအစဉ်များပံ့ပိုးပေးရန်
– **ကဏ္ဍ - သီးနှံထုတ်လုပ်ရေး**						
၃။	သီးနှံစိုက်ပျိုးသူနည်းပါးခြင်း • စိုက်ပျိုးနည်းပညာ ဗဟုသုတ အားနည်းခြင်း	• သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု ထိရောက်စွာမရရှိခြင်း၊ • အရင်းအနှီး လုံလောက်မှု မရှိခြင်း၊	• နှစ်ရှည်သီးနှံခြံများတွင် နှစ်တိုသီးနှံများအား ကာလတိုဝင်ငွေရသီးနှံ အဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း	• ဈေးကွက်နှင့် အလှမ်းဝေး ခြင်း • ငါး၊ပုဇွန်လုပ်ငန်းကိုသာ အားထားကြခြင်း	• ကြားသီးနှံများ စိုက်ပျိုးလာနိုင်စေရန် အသိပညာနှင့် နည်းပညာများတောင်းခံခြင်း၊ နည်းပညာများ ရရှိရန် စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ • အတိုးနှုန်းသက်သာသော ချေးငွေများ ရရှိရန် ချိတ်ဆက်ခြင်း၊ • ဈေးကွက်ဆိုင်ရာ ဗဟုသုတများဆွေးနွေးပွဲများပြုလုပ်ခြင်း	၃။ လယ်မြေများဆားငန်ရေဝင်ရောက်မှုကာကွယ်ခြင်း ၄။ သီးနှံစိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း၊

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - မွေးမြူရေး						
၄။	• ဝက်၊ ကြက်ရောဂါ ကျရောက်၍ ဆုံးရှုံးခြင်း • မြေနေရာ၊အရင်း အနှီး၊ မျိုးကောင်း မျိုးသန့် ရရှိရန် ခက်ခဲခြင်း။	• ကာကွယ်ဆေးထိုးသည့် အစီအစဉ်များ မရှိခြင်း၊ • ခေတ်မီမွေးမြူရေး အသိ ပညာ အားနည်းခြင်း၊ • ပင်လယ်ကမ်းစပ်ရွာဖြစ် ခြင်း၊ ဆင်းရဲခြင်း၊ ငွေကြေးအရင်းအနှီး မရှိခြင်း၊ လေ့လာသင်ယူမှု အားနည်းခြင်း၊ နည်းပညာ ပံ့ပိုးမှုများမရှိခြင်း။	• မွေးမြူရေးလုပ်ငန်းကို မိသားစုအပိုဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင် ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း	• တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေး နည်းပညာဝန်ဆောင်မှု များ ရရှိရန် မလွယ်ကူ ခြင်း	• မွေးမြူရေးလုပ်ငန်း စီမံ ခန့်ခွဲမှုနှင့် နည်းပညာများ ရရှိရန် မွေးကွဲစီးဌာနသို့ တင်ပြတောင်းခံခြင်း၊ • အတိုးနှုန်းသက်သာသော ချေး ငွေများရရှိရန် စီစဉ်ခြင်း၊ –ဒေသထွက်အစားအစာများ ကိုအဆင်ပြေအောင်ကျွေး မွေးခြင်း၊ စွန့်ပစ်အစားအစာ များစုဆောင်းကျွေးမွေးခြင်း၊ စားနိုင်သည့်အပင်များရှာဖွေ စုဆောင်းကျွေးမွေးခြင်း။	၅။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း များ လုပ်ကိုင်နိုင် အောင်ဆောင်ရွက်ခြင်း မွေးမြူရေးအတွက် ငွေကြေး၊နည်းပညာနှင့် အစာများပံ့ပိုးရန်။
ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ						
၅။	• အမျိုးသမီးများ ဝင်ငွေရလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်း • အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု အားနည်းခြင်း	• အတန်းပညာတတ်မြောက် သူ နည်းခြင်း၊ • ပြင်ပထွက် လေ့လာမှု အား နည်းခြင်း၊ • ရေလုပ်ငန်းကိုသာ အဓိက အသက်မွေးမှုဟု ထင်နေခြင်း၊	• ဝင်ငွေရလုပ်ငန်းလုပ် ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း • ရေလုပ်ငန်းထွက်ကုန် ကြမ်းများရရှိနိုင်ခြင်း • ဥယျာဉ်ခြံသီးနှံ ထွက် ကုန်များအား ကုန်ချော ပြုလုပ်ရန် အခွင့်အလမ်း များရှိခြင်း		• အလုပ်အကိုင် အခွင့်အလမ်းများ လက်လှမ်းမီမှုတိုးတက် ရေးအစီအစဉ်များဖြင့် ကျေးရွာလူထုအားကူညီရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း	၆။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင် နိုင်ရန်ဆောင်ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း						
၆။	• သင့်တင့်သော ချေးငွေ ရရှိရန် ခက်ခဲခြင်း	• တစ်ဦးနှင့် တစ်ဦး ယုံကြည်မှု အားနည်းခြင်း၊ • ပြန်မဆပ်နိုင်မည်ကို စိုးရိမ်ခြင်း • အတိုးနှုန်း မြင့်မားခြင်း	•		• အတိုးနှုန်းသက်သာသော ငွေချေးရရှိနိုင်ရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း၊ • လူထုကိုယ်တိုင် ဦးဆောင်သည့် ငွေစုငွေချေးအဖွဲ့များ ထူထောင်ခြင်း၊	၇။ အစုအဖွဲ့စနစ်ဖြင့် ချေးငွေရရှိရေး ဆောင်ရွက်ခြင်း
ကဏ္ဍ - ပညာရေး						
၇။	• မူလတန်းကျောင်း ထွက်နှုန်း မြင့်မားခြင်း • ကျောင်းအိမ်သာ၊ ကျောင်းခြံစည်းရိုး၊ ကျောင်းအမိုး ကောင်းမွန်မှု မရှိခြင်း။ • ပညာရေး အဆောက်အဦ၊ အသုံးအဆောင် ပစ္စည်းများကောင်း မွန်မှု မရှိခြင်း	• စားဝတ်နေရေး မပြေလည်မှုများခြင်း၊ • မိသားစုလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ကြခြင်း • ပညာရေးအား စိတ်ဝင်စားမှု အားနည်းခြင်း	•	•	• ပညာရေးအား စိတ်ဝင်စားမှု မြင့်မားလာစေရန် အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက် ခြင်း၊ • ပညာရေးဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊ ကျေးရွာမှ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် စည်းရုံးဆောင်ရွက်ခြင်း	၈။ စာသင်ကျောင်း ခေါင်မိုများတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ၉။ ပညာတတ်မြောက်မှု တိုးတက်အောင် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး						
၈။	• အိမ်သာ စနစ်တကျ အသုံးပြုမှု အားနည်း ခြင်း • စွန့်ပစ်ပစ္စည်းများ	• အခြေခံကျန်းမာရေး ဆိုင်ရာများအား အလေးထားမှု အားနည်းခြင်း • ဒီရေအတက်အကျရှိခြင်း သောကြောင့် အိမ်သာဆောက်လုပ်ရန် အခက်အခဲရှိခြင်း၊ ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း မရှိခြင်း	•	•	• အခြေခံကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပုံမှန် ပြုလုပ်ခြင်း၊ • အမှိုက်စွန့်ပစ်ရန် နည်းစနစ်များ၊ အသိပညာများ ပေးခြင်း	၁၀။ ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း များ ဆောင်ရွက်ပေး ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှု တိုးတက်အောင်ဆောင် ရွက်ခြင်း
ကဏ္ဍ - လမ်း၊ တံတား၊ အခြေခံ အဆောက်အဦ						
၉။	• ရွာတွင်းလမ်းများ ကောင်းမွန်မှု မရှိသဖြင့် သွားလာရန် ခက်ခဲခြင်း	• ပြုပြင်ထိန်းသိမ်းမှု အားနည်း ခြင်း၊ • ရေအတက်အကျကြောင့် လမ်းပေါ်ရေတက်သဖြင့် အချိန်မီမသွားလာနိုင်ခြင်း • သစ်သားများ အရည်အသွေး မကောင်းခြင်း • ချဉ်းကပ်လမ်းမရှိခြင်း	•	•	• လမ်းပြုပြင်ထိန်းသိမ်းရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း၊ • လမ်းကူးရေပြွန်များ ထည့်သွင်းတည်ဆောက် ခြင်း	၁၁။ ရွာတွင်းလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ကျေးရွာမီးလင်းရေး						
၁၀	• အချိန်ပြည့် မီးမလင်းနိုင်ခြင်း	• ပင်မဓာတ်အားလိုင်း မရှိ ခြင်း • ဆိုလာပြားများ အိမ်တိုင်းစေ့ ဝယ်ယူ အသုံးမပြုနိုင်ခြင်း၊	•	•	• ဆိုလာမီး သုံးစွဲမှု တိုးတက် လာစေရန် နည်းပညာအကူအညီ ရရှိရေးအတွက် သက်ဆိုင်ရာဦးစီးဌာန (လျှပ်စစ်စွမ်းအား/ ကျေးလက်)နှင့်ဆက်သွယ် ဆောင်ရွက်ခြင်း၊ • ပုဂ္ဂလိက မီးပေးရေးနှင့် ဆက်သွယ်ခြင်း။	၁၂။ ကျေးရွာ မီးလင်း ရေး ဆောင်ရွက်ခြင်း
ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု						
၁၁။	• လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များ မရှိသေးခြင်း	• လူငယ်ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲဆောင်ရွက်သည့် ဗဟုသုတနှင့်အလေ့အထ မရှိခြင်း၊	•	•	• လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်း များ လေ့လာဆောင်ရွက် နိုင်ရန် မြို့နယ်အဆင့် အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ရန်	၁၃။ လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း
ကဏ္ဍ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး						
၁၂။	• ငါးမျိုးပြုန်းတီး လာခြင်း • အမှိုက် စွန့်ပစ်မှု စနစ်မကျခြင်း • ဒီရေတော ပြုန်းတီး လာခြင်း	• စားကျက်မြေ၊ မျိုးပွားရန် နေရာလျော့နည်းလာသဖြင့် ငါးမျိုးစိပ်ရှားပါးလာခြင်း • ဒီရေတော ထိန်းသိမ်းမှု၊ ခုတ်ယူမှုတွင် ဥပဒေစိုးမိုးမှု အားနည်းခြင်း	•	•	• ဒီရေတောထိန်းသိမ်းရေး ဆိုင်ရာ ဒေသစည်းမျဉ်း ဥပဒေများ ရေးဆွဲသတ်မှတ်ခြင်း • ဒီရေတောထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေးပွဲ	၁၄။ ဒီရေတောနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်း များဆောင်ရွက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	• ရေကြီးနိုင်သည့် အန္တရာယ် ရှိခြင်း • ရေထု ညစ်ညမ်းခြင်း	• အမှိုက်များ စွန့်ပစ်ရန် မြေနေ ရာ/သတ်မှတ် မထားခြင်း • ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာ အားနည်း ခြင်း			များ ပြုလုပ်ခြင်း၊ • အမှိုက်များ စွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊စည်းကမ်း များ သတ်မှတ် လုပ်ဆောင်ခြင်း။	

အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း၏

အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ- လိပ်ဥချောင်း အုပ်စု -အုန်းတောကမ်း ရက်စွဲ- ၁၅.၉.၂၀၁၇

ဦးစားပေး အဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ရွာတွင်းလမ်း
၂	စာသင်ကျောင်းအမိုးပြုပြင်ခြင်း
၃	ဆေးပေးခန်း

အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဦးစားပေးလုပ်ငန်းများ

ဦးစားပေး အဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ဂျင်းကောက်ခြင်း
၂	ဝက်မွေးမြူရေး
၃	ဂဏန်းကောက်ခြင်း
၄	စက်ချုပ်သင်တန်း
၅	ဥယျာဉ်ခြံလုပ်ငန်း

<u>ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏</u>

<u>အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ</u>

ကျေးရွာ- လိပ်ဥချောင်း အုပ်စု -အုန်းတောကမ်း ရက်စွဲ- ၃၁.၃.၂၀၂၄

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း
၂	ရွာအနောက်လမ်းမြေဖို့ခြင်းနှင့်ကွန်ကရစ်လမ်းခင်းခြင်း

<u>အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့်ဌေကြေးဦးစားပေးလုပ်ငန်းများ</u>

ဦးစားပေးအဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ဆိုင်ကယ်ပြင်သင်တန်း
၂	အခြေခံအပ်ချုပ်စက်သင်တန်း
၃	အသေးစားလူသုံးကုန်ထုတ်လုပ်မှုသင်တန်း
၄	မြစိမ်းရောင်ကျေးရွာစီမံကိန်း